# 3 မသန်မစွမ်းသူလူမှုဖူလုံရေး

မသန်မစွမ်းသူများ၏ကိုယ်ထူကိုယ်ထ (သို့)လူမှုပတ်ဝန်းကျင်တွင်ပါဝင်နိုင်ရန်အတွက် ကူညီထောက်ပံ့ရန် အမျိုးမျိုးသော အစီအစဉ်များချမှတ်ဆောင်ရွက်လျှက်ရှိသည်။

## 3-1 မှတ်တမ်းစာအုပ်အမျိုးအစားများ

ခန္ဓာကိုယ်မသန်မစွမ်းသောသူများသည် ခန္ဓာကိုယ်မသန်စွမ်းသူများသက်သေခံစာအုပ်အားထုတ်ယူပါ။
စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသူများသည် ဆေးကုသပြုစုပျိုးထောင်ရခြင်း သက်သေခံစာအုပ်အား ထုတ်ယူပါ။
စိတ်ရောဂါဝေဒနာကို ခံစားနေရပြီးနေ့စဉ်နေထိုင်မှုနှင့် လူမှုပတ်ဝန်းကျင်တွင်ကန့်သက်မှုရှိသူများက စိတ်ရောဂါဝေဒနာရှင်သက်သေခံစာအုပ်အားထုတ်ယူပါ။
၎င်းသက်သေခံစာအုပ်များအား ကိုင်ဆောင်ခြင်းဖြင့်အသီးသီးသော ထောက်ပံ့ရေးစနစ်များအား အသုံးပြုနိုင်ရုံသာမက အခွန်လျှော့ပေါ့ခြင်း၊ ခရီးစရိတ် သက်သာခွင့်ရခြင်းများ ရှိပါသည်။

## 3-2 မသန်မစွမ်းသူနှင့်ပတ်သတ်သောနိုင်ငံ၏ဝန်ဆောင်မှု

| ဝန်ဆောင်မှုအမျိုးအစား | အကြောင်းအရာ |
|---|---|
| **ဆေးကုသမှုစရိတ်ထောက်ပံ့မှု** | ဆေးကုသမှုစရိတ်၏တစိတ်တပိုင်းအားကူညီထောက်ပံ့ခြင်း (မသန်မစွမ်းမှုအဆင့်နှင့်ဆေးကုသမှုအကြောင်းအရာပေါ်တွင်မူတည်သည်။) |
| **အသုံးပြုကိရိယာထောက်ပံ့ခြင်းနှင့်ပြင်ဆင်ခြင်း** | ဘီးတပ်ကုလားထိုင်၊ခြေတု၊နားကြားကိရိယာ၊မျက်မမြင်သုံးတုတ် အစရှိသည်တို့အား ထောက်ပံ့မှု၊ပြင်ဆင်မှု၊ငှါးရမ်းပေးခြင်း(မသန်စွမ်းမှုအဆင့်နှင့်နေထိုင်မှုအခြေအနေပေါ်တွင်မူတည်သည်။) |
| **ကူညီထောက်ပံ့ငွေပေးအပ်ခြင်း** | လူမှုဖူလုံရေးဂေဟာများတွင်နေထိုင်ခြင်းမရှိသောကြီးလေးသောမသန်စွမ်းသူ ကူညီထောက်ပံ့ ငွေကိုရယူနိုင်သည်။(မသန်မစွမ်းမှုအခြေအနေပေါ်တွင်မူတည်သည်။) |

ထိုမှုမက မြို့နယ်ပေါ်တွင်မူတည်၍ ကိုယ်ပိုင်ထောက်ပံ့ရေး စီမံချက်ကို ချမှတ်ထားသည်များလည်း ရှိပါသည်။

## 3-3 လူမှုဖူလုံရေးဂေဟာ

မသန်မစွမ်းသူအားလေ့ကျင့်သင်ကြားရန်နှင့်ကူညီပေးရန်အတွက်ဂေဟာရှိသည်။